# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## သီလဝါအထူးစီးပွားရေးဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်စီမံကိန်းကြောင့်ထိခိုက်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း (၂၀၁၈ခုနှစ်၊ ဖွန်လ၊ ၃ ရက်နေ့)




၂၀၁၈ခုနှစ်၊ဇွန်လ၃ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏အကူအညီဖြင့်ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်စီမံကိန်းကြောင့်ထိခိုက်သူများနှင့်အတူဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့ပါသည်။အဆိုပါဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာပြန်လည်နေရာချထားရေးနေရာရှိအိမ်သာများအားမိုးရာသီမစတင်ခင်မြေအောက်ရေဝင်ရောက်ခြင်းနှင့်ပတ်သက်၍အကောင်းဆုံးနည်းလမ်းဖြင့်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့်အခြားသက်ဆိုင်သောကိစ္စများအားဆွေးနွေးတိုင်ပင်ရန်ဖြစ်သည်။ဆွေးနွေးပွဲသို့စီမံကိန်းကြောင့်ထိခိုက်သောမိသားစုများ၊TSMCအဖွဲ့ဝင်များ၊လူထုဆက်ဆံရေးအရာရှိနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့အပါအဝင်(၄၆)ဦးတက်ရောက်ခဲ့ကြပါသည်။ပထမဦးစွာအိမ်သာရေဝင်ရောက်ခြင်းကိစ္စအားအဓိကဆွေးနွေးခဲ့ကြပြီးရေဖြန့်ဖြူးရေးစနစ်အပါအဝင်အိမ်အမှတ်နှင့်လမ်းအမည်ပေးခြင်းကိစ္စများကိုလည်းအလားတူဆွေးနွေးတိုင်ပင်ခဲ့ကြသည်။နောက်ဆုံးတွင်တက်ရောက်သူများမှလူထုစင်တာနှင့်လုံခြုံရေးဂိတ်များဆောက်လုပ်ပေးရန်တောင်းဆိုမှုများအပေါ် TSMC မှပြန်လည်ညှိနှိုင်းပြောကြားခဲ့ကြပါသည်။

## ဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိရေထောက်ပံ့ရေးစနစ်နှင့်မိလ္လာများအားသွားရောက်စစ်ဆေးခြင်း (၂၀၁၈ခုနှစ်၊ ဇွန်လ ၆ ရက်နှင့် ၁၁ ရက်)




၂၀၁၈ခုနှစ် ဇွန်လ (၆)ရက်နှင့်(၁၁)ရက်နေ့တို့တွင်TSMCမှဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိရေထောက်ပံ့ရေးစနစ်နှင့်မိလ္လာစနစ်တို့အားစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ဂျိုက်ကာကျွမ်းကျင်အဖွဲ့၏နည်းပညာကူညီမှုဖြင့် ကလိုရင်းပိုးသတ်ဆေးထည့်ခြင်းနည်းလမ်းကိုရေထောက်ပံ့ရေးစနစ်တာဝန်ခံအားရှင်လင်းသင်ပြခြင်းနှင့်ပြန်လည်နေရာချထားရေးနေရာတွင်လက်ရှိဆောင်ရွက်ထားသောမိလ္လာကန်များ၏အခြေအနေများအားကြည့်ရှုစစ်ဆေးခြင်းများပြုလုပ်ခဲ့ကြပါသည်။ထို့အပြင်ရေထောက်ပံ့ရေးစနစ်မှရေနမူနာအား ၆လလျှင်တစ်ကြိမ် စစ်ဆေးသွားမည်ဖြစ်သည်။

## Community consultation workshop was held at Zone B Relocation Site ($3^{rd}$ June 2018)



On $3^{rd}$ June 2018, TSMC made the workshop with Zone B PAPs at Myaing Thar Yar 3 Zone B relocation site by the technical support of JET. The purpose of the workshop is to discuss the best way in order to resolve the entering of underground water into toilets before the rain starts and other related issues in the relocation site. Total 46 participants including PAHs, community relation officer of TSMC and JET attended the workshop. Firstly, participants made the discussion and consulted about the toilet issue and then water supply system, house numbering and giving the street names are also discussed among them. Finally, TSMC negotiated with the PAPs on the requests of community center and security gates.

## Regular checking of water supply system and toilet ($6^{th}$ and $11^{th}$ June 2018)



In order to check the water supply system and toilets conditions, TSMC visited to the relocation site on $6^{th}$ and $11^{th}$ June 2018. JET gave the instruction to PAP about the “Chlorine Dosing Operation Procedure” of water supply system. Water sample from the tank will be taken and tasted in every 6 months.

## (၇)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများနှင့်ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု(TCC)အစည်းအဝေးကျင်းပခြင်း (၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်)




၂၀၁၈ခုနှစ်ဇွန်လ၆ရက်နေ့တွင်(၇)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများနှင့် ဒေသခံကိုယ်စားလှယ်များ တွေ့ဆုံမှု(TCC)အစည်းအဝေးကိုMJTD၏အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးပွဲသို့MJTDမှတာဝန်ရှိလူကြီးများ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊စီမံကိန်းကြောင့်ထိခိုက်ခံရသောကျေးရွာများမှဒေသခံကိုယ်စားလှယ်များ၊သီလဂါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှစုစုပေါင်း(၁၉)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲကိုကျင်းပရခြင်း၏အဓိကရည်ရွယ်ချက်များမှာသီလဝါအထူးစီးပွားရေးဇုန်မှအနီးအနားရှိပတ်ဝန်းကျင်ကျေးရွာများအတွက်ဆောင်ရွက်ပေးရန်စီစဉ်ထားသောဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များနှင့်ဆောင်ရွက်ပေးထားပြီးဖြစ်သောလုပ်ငန်းစဉ်များအားပြန်လည်စစ်ဆေးသုံးသပ်ရန်၊လူထုထံမှတောင်းဆိုချက်များနှင့်မကျေနပ်ချက်များအားသိရှိရန်တို့ဖြစ်သည်။ပထမဦးစွာMJTDမှမိတ်ဆက်အမှာစကားပြောကြားပြီးဇုန်ဘီအကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ရင်းနှီးမြှုပ်နှံမှုများနှင့်မြေငှားရမ်းခြင်းအပါအဝင်သီလဝါအထူးစီးပွားရေးဇုန်၏လက်ရှိဖြစ်ပေါ် နေသောသတင်းအချက်အလက်များကိုတက်ရောက်လာသူများအားဝေမျှခဲ့ပါသည်။ဆက်လက်၍MJTDမှဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များအပေါ်ပြန်လည်သုံးသပ်မှုများပြုလုပ်ခဲ့ကြပြီးလူထု၏တောင်းဆိုမှုတစ်ခုချင်းဆီအပေါ် ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။အစည်းအဝေးတွင်တက်ရောက်သူများမှကျူးကျော်ပြဿနာများ၊SEZပတ်ဝန်းကျင်အနီးတဝိုက်ဘေးကင်းလုံခြုံစေရေးကိစ္စများ၊ကျေးရွာများအနီးအမှိုက်ပုံခြင်းနှင့်ကျူးကျော်တဲများကြောင့်ရေမြောင်းပိတ်ဆို့ခြင်းပြဿနာများအားတင်ပြကာဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။

## 7th Thilawa Community Coordination (TCC) Meeting was held on 6th June 2018



7th Thilawa Community Coordination (TCC) meeting was held at Myanmar-Japan Thilawa Development Office (MJTD) on 6th June 2018.19 participants including MJTD, village administrators, representatives from project affected communities (PACs), Thilawa SEZ Management Committee (TSMC) and the technical support of JICA Expert Team attended the meeting. The objectives of the meeting are to review the development activities for PACs that have been done and planning by MJTD, to know the requests and complaints from community. Firstly, MJTD gave an opening remark and shared the updated SEZ information including the implementation of Zone B, investments and land rentals. Continuously, MJTD reviewed the summary of TCMP and CSR activities with the participants from PACs on their requests. During the meeting, squatters' issues, safety around the SEZ, drainage blocking issues caused by squatters' houses and trashes dumping near the villages were raised and discussed among the participants with MJTD.

## ဇုန်ဘီပြန်လည်နေရာချထားရေးနေရာတွင် အားနည်းသော မိသားစုများအားဇွန်လအတွက်ထောက်ပံ့ခြင်း (၂၀၁၈ ခုနှစ် ဇွန်လ ၂၈ ရက်)




၂၀၁၈ခုနှစ်၊ဇွန်လ(၂၈)ရက်နေ့တွင် မြိုင်သာယာ တိုးချဲ့ရပ်ကွက်၊ဇုန်ဘီပြန်လည်နေရာချထားရေးနေရာ၌မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်အတွက်၂၀၁၈ခုနှစ်မတ်လတွင်အားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍သတ်မှတ်ထားသောစံနှုန်းအရအိမ်ထောင်စု(၂၀)စုကိုဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏ပံ့ပိုးကူညီမှုဖြင့်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့ပေးခဲ့ပါသည်။

## Vulnerable People Program was provided at Zone B relocation site (28th June, 2018)



Vulnerable People Program (VPP) was provided at Zone B relocation site on 28th June 2018 by TSMC with the technical support of JET. 20 households were identified as vulnerable families in accordance with VPP criteria, in March, 2018.